



## အိမ်တွင် အထောက်အကူအလုပ်သမားများသည်
## တစ်ပတ်လျှင် တစ်ရက် နားပိုင်ခွင့်ရှိသည်။

# အခြားအလုပ်များနည်းတူ

သင်သည်ထိုင်းနိုင်ငံတွင် အိမ်တွင်းအထောက်အကူ အလုပ်သမားအဖြစ် အလုပ်လုပ်ကိုင်နေပါက ထိုင်းနိုင်ငံ၏ ဥပဒေအရ
သင်သည် –

- ☐ တစ်ပတ်လျှင် အနည်းဆုံး အားလပ်ရက် တစ်ရက် ရပိုင်ခွင့်ရှိသည်။
- ☐ လစာ ပြည့်ဖြင့် တစ်နှစ်လျှင် အများပြည်သူရုံးပိတ်ရက် (၁၃) ရက်နှင့် လုပ်သက်ခွင့် (၆) ရက် ခံစားပိုင်ခွင့် ရှိသည်။
- ☐ အားလပ်ရက်များတွင်အလုပ်လုပ်ရပါက အချိန်ပိုလုပ်အားခရပိုင်ခွင့်ရှိသည်။
- ☐ လစာပြည့်ဖြင့် နာမကျန်းခွင့် ခံစားပိုင်ခွင့်ရှိသည်။
- ☐ လစာပြည့်ဖြင့် နှစ်ပြည့်ခွင့်ခံစားရှိသည်။

ဝန်ကြီးဌာနစည်းမျဉ်း ၁၄ (ဘီအီး ၂၅၅၅)

အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့၏ အိမ်တွင်း အထောက်အကူအလုပ်သမားများကွန်ဗင်းရှင်း(C189)အရ အိမ်တွင်း အထောက်အကူအလုပ်သမားများသည် အောက်ပါအခွင့်အရေးများကို ရရှိခံစားပိုင်ခွင့်ရှိသည်။

- ☐ သင့်တော်သောလုပ်အားခနှင့် အလုပ်ချိန်
- ☐ လူမှုဖူလုံရေး ကာကွယ်စောင့်ရှောက်မှုများ
- ☐ ညှဉ်းပန်းနှိပ်စက်ခြင်း၊ အနှောင့်အယှက်ပေးခြင်းနှင့် အကြမ်းဖက်ခြင်းများ မခံရစေရန်
- ☐ ဘေးအန္တရာယ်ကင်းရှင်းပြီး သန့်ရှင်းသော အလုပ်ခွင်
- ☐ ဘေးအန္တရာယ်ကင်းရှင်းပြီး၊ လုံခြုံ၊ စိတ်ချရသော အိပ်ရန်နေရာ
- ☐ အားလပ်ချိန်ကို အလုပ်သမား၏ ရွေးချယ်မှုအရ မည်သည့်နေရာတွင်မဆို၊ မည်သည့်နည်းနှင့်ဖြစ်စေ ကုန်ဆုံးစေခြင်း
- ☐ ရွှေ့ပြောင်းအလုပ်သမား တစ်ယောက်အနေဖြင့် တရားဝင်အထောက်အထား ရှိခြင်း၊ မရှိခြင်းနှင့် မသက်ဆိုင်ဘဲ ဥပဒေအကာအကွယ်ပေးမှုကို ခံစားပိုင်ခွင့် ရှိသည်။

ပိုမိုပြည့်စုံသော အချက်အလက်များကို အောက်ပါ
အွန်လိုင်းတွင် ရှာဖွေပါ –
saphansiang.org/domesticworkers

facebook.com/convention189

International
Labour
Organization